

စာစဉ် – ၄၈
ဘာသာပြန် - Mg Wine Chit
ထာဝရသူခိုး
Eternal Thief

ထာဝရသူခိုး
(စာစဉ်-၄၈)
C665
လူစိမ်းတစ်ယောက်
*

အလင်းရောင်နှင့် ဝေဝါးနေသော တောင်တန်းကြီးကို မြင်လိုက်ရသောအခါ အေ့စ် မယုံကြည်နိုင် ဖြစ်သွားရသည်။ ၎င်းမှာ လုံးဝအဓိပ္ပာယ်မရှိသော်လည်း မဖြစ်နိုင်သည်တော့လည်း မဟုတ်ပေ။

သူဟာ မည်သည့်နေရာသို့ ရောက်နေသည်ကို မသိသော်လည်း၊ ဤနေရာသည် ကျင့်ကြံသူတစ်ဦး ဤနေရာသို့ မရောက်ရှိမီ အကြိမ်ရာပေါင်း

များစွာ သေဆုံးသွားနိုင်သည့် အန္တရာယ်များဖြင့် ပြည့်နှက်နေသော နေရာမျိုးဖြစ်သည်။

သာမန်အားဖြင့် တစ်စုံတစ်ယောက်သည် ကံကောင်းထောက်မစွာဖြင့် ဤနေရာသို့ ရောက်ရှိလာခဲ့လျှင်ပင်၊ သူတို့ ပြန်သွားနိုင်ပါဦးမည်လော။

ထိုအလင်းရောင်ရှိရာသို့ ချဉ်းကပ်သွားရင်း သူတွေးတောနေမိသည်။ အံ့ဩစရာကောင်းသည်မှာ သံလိုက်အိမ်မြှောင်က ထိုဘက်သို့ပင် ဆက်လက်ညွှန်ပြနေပြီး ရေစီးကြောင်းမှာလည်း မှောင်မိုက်နေသော တောင်တန်းများဆီသို့ တိုက်ရိုက် ဦးတည်နေပုံရသည်။

သို့တိုင် ပတ်ဝန်းကျင်မှာ အမှောင်အတိကျနေဆဲ ဖြစ်သောကြောင့် ဤနေရာသည် အလွန်အန္တရာယ်များကြောင်း သိသာနေသည်။ ထို့ကြောင့် သူက အလင်းရောင်ဆီသို့ ချဉ်းကပ်

သွားစဉ် အထူးပင် သတိထားနေလိုက်သည်။

ရေစီးကြောင်းနှင့်အတူ မကြာမီမှာပင် ထိုအဖြူရောင်အလင်းတန်းနှင့် လက်မအနည်းငယ်အကွာသို့ ရောက်ရှိသွားသည်။ အလင်းရောင်မှ မည်သည့်အန္တရာယ်ကိုမျှ မခံစားရသဖြင့် ၎င်းထဲသို့ တိုးဝင်လိုက်လေသည်။

အလင်းထဲသို့ ရောက်ရှိသွားသည့် ခဏမှာပင် ထူးဆန်းသော မြင်ကွင်းတစ်ခု ဖြစ်ပေါ်လာသည်။ အဆုံးမဲ့ပင်လယ်နှင့် လုံးဝခြားနားသော နေရာတစ်ခုသို့ ကူးပြောင်းသွားသကဲ့သို့ အေ့စ်ခံစားလိုက်ရသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ ပတ်ဝန်းကျင်မှာ လုံးဝလင်းထိန်နေပြီး၊ စောစောက ရေစီးကြောင်းမှာလည်း မရှိတော့ဘဲ ကြည်လင်အေးမြသော ရေပြင်ပေါ်တွင် ငြိမ့်ညောင်းစွာ မျောပါနေသောကြောင့် ဖြစ်သည်။

အဆန်းကြယ်ဆုံးအရာမှာ သူ့ရှေ့တွင် စိမ်းလန်း

စိုပြည်သော တောင်တန်းကြီး ရှိနေပြီး၊ ဤ နေရာတစ်ခုလုံးမှာ ချိုစွမ်းအင်များဖြင့် ပြည့်နှက် နေသည်။

အေး◌် လုံးဝမယုံကြည်နိုင်ဖြစ်ကာ နောက်သို့ ချက်ချင်းလှည့်ကြည့်လိုက်သည်။ ထိုအခါ သူ့ နောက်ကွယ်မှ အနက်ရောင်မြူထုနှင့် ရေထုတို့မှာ လုံးဝပျောက်ကွယ်သွားပြီး ဟင်းလင်းပြင် အလွတ်ကြီးသဖွယ် ဖြစ်နေသည်ကို မြင်လိုက်ရသဖြင့် အလွန်အံ့အားသင့်သွားရသည်။

ကံကြမ္မာမြေပုံကို ကြည့်လိုက်သောအခါမှာလည်း သူ ပို၍ပင် အံ့သြသွားရသည်။ ယခုအခါ သူဟာ မီးခိုးရောင်နယ်မြေထဲသို့ ရောက်ရှိနေပြီး နောက်ကွယ်မှ ဧရိယာမှာ အနက်ရောင်အဖြစ်ပင် ရှိနေသေးသောကြောင့်ဖြစ်သည်။ ကံကြမ္မာမြေပုံဟာ ယခုအခါ တစ်ဝက်မှာ မီးခိုးရောင်၊ ကျန်တစ်ဝက်မှာ အနက်ရောင် ဖြစ်နေလေ

သည်။

'ဒါက ဘယ်လိုနေရာမျိုးလဲ..'

ကြည်လင်နေသော ရေပြင်နှင့် အဆုံးမရှိသော တောင်တန်းကြီးကို ကြည့်ရင်း အေ့စ် အကဲခတ် နေမိသည်။

စောစောက အနက်ရောင်ဇုန်ထဲသို့ ပြန်ဝင်ရန် ချီစွမ်းအင်ကို အသုံးပြုကြည့်သော်လည်း၊ အနက်ရောင်နယ်မြေသို့ ချဉ်းကပ်လိုက်သည်နှင့် ကာဆီးထားသော နံရံတစ်ခုကို အံ့ဩဖွယ် ခံစားလိုက်ရသည်။

သူ့နှလုံးသားမှာ တုန်လှုပ်သွားပြီး ခွန်အား သုံး၍ တိုးကြည့်သော်လည်း မမြင်ရသော နံရံက လုံးဝပိတ်ဆို့ထားသဖြင့် သူ့ မျက်နှာအမူအရာက ပျက်ယွင်းသွားသည်။ ဤအခြေအနေမှာ မ ကောင်းလှပေ။

'ငါ နောက်ထပ် နယ်မြေတစ်ခုထဲမှာ ပိတ်မိနေ

ပြန်ပြီလား..'

အေ့စ် မယုံကြည်နိုင်စွာ ဖြစ်နေရင်း စနစ်ကို အမြန်မေးလိုက်သည်။

"စနစ်... ဒါက နောက်ထပ် လျှို့ဝှက်နယ်မြေတစ်ခုလား"

သူမှာ နယ်မြေတစ်ခုမှ ထွက်လာပြီးချင်း နောက်ထပ် လျှို့ဝှက်နယ်မြေတစ်ခုထဲသို့ ထပ်မံရောက်ရှိသွားရလောက်အောင် သူ၏ကံဇာတာ ညံ့ဖျင်းလှသည်ဟု မယုံကြည်လိုပေ။

ထို့အပြင် ဤနေရာသို့ သူက အလိုအလျောက်ရောက်လာခဲ့ခြင်း ဖြစ်သည်။ မည်သူမျှ သူ့ကို အစမ္မမစေခိုင်းခဲ့ပေ။

သို့သော် စနစ်၏ အဖြေက သူ့ကို ပါးစပ်အဟောင်းသား ဖြစ်သွားစေသည်။

"မဟုတ်ပါ။ ပိုင်ရှင်သည် မည်သည့် လျှို့ဝှက်နယ်မြေထဲသို့မျှ ဝင်ရောက်ခြင်း မရှိပါ"

"ဒါဆို မင်းပြောချင်တာက ငါက ရွှေကောင်းကင်ကမ္ဘာထဲမှာပဲ ရှိနေသေးတယ်ပေါ့ ဟုတ်လား.."

အေ့စ်က နောက်ထပ် မေးခွန်းတစ်ခုကို အမြန်မေးလိုက်သည်။

ဒါပေမဲ့လည်း စနစ်မှာ ထုံးစံအတိုင်း ပြန်လည် တိတ်ဆိတ်သွားသဖြင့် သူ မျက်မှောင်ကြုတ်လိုက်မိသည်။ သူ ရှာဖွေနေသည့် အဖြေကို ရရှိသွားပြီဖြစ်၍ ကိုယ့်ဘာသာကိုယ်သာ ဆက်လက်စဉ်းစားရန်သာ ဆုံးဖြတ်လိုက်သည်။

'ငါက လျှို့ဝှက်နယ်မြေထဲမှာ မဟုတ်ဘူးဆိုရင်၊ ဒီနေရာက အသူရာတွေရဲ့ တားမြစ်နိုင်ငံသုံးခုလို ထူးဆန်းတဲ့ ကျွန်းတစ်ကျွန်း ဖြစ်ရမယ်။ ဒီနေရာက ဘယ်နေရာလဲဆိုတာ ငါစူးစမ်းကြည့်သင့်တယ်။ ဒီကျွန်းရဲ့ တစ်ဖက်ခြမ်းမှာ တခြားထွက်ပေါက် ရှိကောင်းရှိနိုင်တယ်'

အေ့စ် ကောက်ချက် ချလိုက်ပြီးနောက် စိတ်ကို အမြန်ပြန်အေးအောင် ထားလိုက်သည်။

လွန်ခဲ့သည့်နှစ်များအတွင်း သူဟာ အတွေ့အကြုံများစွာ ရရှိခဲ့ပြီးဖြစ်၍ ယခင်ကဲ့သို့ အတွေ့အကြုံမရှိသူ မဟုတ်တော့ပေ။

ထိတ်လန့်နေခြင်းက မည်သည့်အရာကိုမှ ပြောင်းလဲနိုင်မည်မဟုတ်ကြောင်း သူသိသည်။ ထို့ကြောင့် စိတ်အေးအေးထားကာ အကောင်းဆုံးဖြစ်လာရန်သာ မျှော်လင့်ရမည်ဖြစ်သည်။

ချီစွမ်းအင်ကို အသုံးပြု၍ သစ်သားချပ်ကို ထိန်းကျောင်းကာ ကုန်းမြေဘက်သို့ ဦးတည်လိုက်သည်။ ကုန်းမြေမှာ ဟင်းလင်းပြင်အလွတ်ကြီး၏ အစွန်းမှ နှစ်မိုင်ကျော်ခန့် ဝေးသေးသည်။

ရှေ့သို့ သွားနေစဉ် ကောင်းကင်ယံကို မော့ကြည့်လိုက်ရာ ၎င်းမှာလည်း ရွှေရောင်တောက်နေသည်ကို တွေ့ရသည်။ ထို့ကြောင့်

သူက ပင်မကုန်းမြေကြီးပေါ်သို့ အမှန်တကယ် ရောက်ရှိနေပြီဖြစ်ကြောင်း ပို၍သေချာသွားပြီး ယခင်ကကဲ့သို့ စိတ်လှုပ်ရှားခြင်း မရှိတော့ပေ။

ထို့နောက် ကြည်လင်လှသော ရေပြင်ကို သတိပြုမိသွားသည်။ စင်ကြယ်လှသော ငွေရောင်ပင်လယ်ကြမ်းပြင်မှာ ပုံမှန်မဟုတ်ဘဲ ထူးခြားနေပြီး၊ ပင်လယ်ရေသတ္တဝါများ သို့မဟုတ် ရေအောက် မှော်ပင်များကဲ့သို့ အပင်များလည်း လုံးဝမရှိပေ။

'ဒါက လူလုပ်တာလား၊ သဘာဝအတိုင်းလား..'

ကျင့်ကြံခြင်းလောကတွင် မည်သည့်အရာမဆို ဖြစ်နိုင်သဖြင့် သူ အလျင်စလို ကောက်ချက်မချရဲပေ။

ကုန်းမြေနှင့် နီးကပ်လာသည်နှင့်အမျှ ချီ'

စွမ်းအင်များ ပိုမိုသိပ်သည်းလာသည်ကို ခံစားရနိုင်သည်။ ၎င်းမှာ တော်ဝင်အသူရာ နိုင်ငံ၏

အဆင့်အတန်းနီးပါး ရှိနေပြီဖြစ်သည်။

'ဒါက ဘယ်လိုနေရာမျိုးလဲ... ဒီလိုနေရာမျိုးက ထူထပ်တဲ့ ရောင်ခြည်သင့်မြူထု ကြားထဲမှာ ပုန်းကွယ်နေတယ်လို့ ဘယ်သူက ယုံမှာလဲ.. ငါ့အထင်မမှားရင် အဲဒီရောင်ခြည်သင့်မှုက အမှတ် ၂၀ ကျော်တယ်၊ အဲဒါက နိယာမသိမြင်ခြင်း နယ်ပယ် ကျင့်ကြံသူတွေအတွက်တောင် သေစေနိုင်တယ်'

ဘာမှန်းမသိခြင်းကြောင့် ဖြစ်ရသည့် ကြောက်ရွံ့မှုက အခြားအရာအားလုံးထက် ပိုမိုဆိုးရွားလှသဖြင့် သူ စိုးရိမ်တကြီး တွေးတောနေမိသည်။

နောက်ခဏမှာပဲ သူ့ အတွေးများမှာ သူ့ခိုးအာရုံက သတိပေးလိုက်သဖြင့် ပြတ်တောက်သွားသည်။ သူက ကံကြမ္မာမြေပုံကို ချက်ချင်းကြည့်လိုက်ရာ၊ အနီရောင် ကံကြမ္မာအမှတ်အသား

တစ်ခု သူ့စီသို့ တည့်တည့်လာနေသည်ကို တွေ့လိုက်ရသဖြင့် လန့်ဖျပ်သွားသည်။

ချက်ချင်းပဲ နိုးနိုးကြားကြား ဖြစ်သွားကာ ခေါင်းစွပ်ကို အမြန်စွပ်လိုက်ပြီး မျက်နှာဖုံးကိုလည်း တပ်လိုက်သည်။ ထို့နောက် ခေါင်းစွပ်အောက်တွင် သူ၏ ရုပ်သွင်ကို စတင်ပြောင်းလဲလိုက်သည်။

အခြားတစ်ဖက်မှလူမှာ အနီရောင်အဖြစ် ပေါ်နေသောကြောင့် သူ့ကို မြင်သည်နှင့် တိုက်ခိုက်မည်မှာ သေချာလှသဖြင့် သူက အသင့်ပြင်ထားလိုက်ခြင်းဖြစ်သည်။

ထို့နောက် ကုန်းမြေနှင့် ပေအနည်းငယ်အကွာသို့ ရောက်ရှိချိန်မှာပင် ကံကြမ္မာအမှတ်အသားက သူ့ မြင်ကွင်းထဲသို့ ရောက်ရှိလာသည်။

အံ့သြစရာမှာ ထိုအမှတ်အသားသည် ကုန်းမြေပေါ်တွင် မဟုတ်ဘဲ ကောင်းကင်ယံတွင် ပေါ်လာ

ခြင်းဖြစ်သည်။

ငင်းမှာ ပျံသန်းနိုင်သော သတ္တဝါတစ်ကောင် ဖြစ်လိမ့်မည်ဟု သူ ထင်လိုက်သော်လည်း၊ သေချာကြည့်လိုက်သောအခါ ကောင်းကင်ပြာရောင် အလင်းတန်းတစ်ခုပေါ်တွင် လိုက်ပါလာပြီး လေထုကို ဓားကဲ့သို့ ဖြတ်သန်းလာသော လူသားပုံသဏ္ဍာန်တစ်ခု ဖြစ်နေသဖြင့် အလွန်အံ့အားသင့်သွားရသည်။

သူ့မျက်စိက သူ့ကို လှည့်စားနေသည်ဟု ခံစားလိုက်ရသော်လည်း ငင်းမှာ အမှန်တရားပင် ဖြစ်သည်။ ရုတ်တရက် ထိုကောင်းကင်ပြာရောင် အလင်းတန်းမှာ အထက် မီတာအနည်းငယ် အကွာတွင် ရပ်တန့်သွားပြီး ငင်း၏ ရုပ်သွင်မှာ ရှင်းလင်းစွာ ပေါ်လာသည်။

၅ ပေ ၁၁ လက်မခန့် အရပ်ရှိပြီး ရှေးဟောင်း ဒီဇိုင်းပါ အပြာရောင်ဝတ်ရုံကို ဝတ်ဆင်ထားကာ

ရင်ဘတ်တွင် တောက်ပသော နေမင်းသင်္ကေတ ပါရှိသည့် ထိုသူသည်၊ ဓားရှည်တစ်လက်ပေါ် တွင် လက်နှစ်ဖက်ကို နောက်ပစ်ကာ ခန့်ညားထည်ဝါစွာ ရပ်နေသည်ကို မြင်လိုက်ရသောအခါ အေ့စ် မျက်လုံးများ ကျဉ်းမြောင်းသွားသည်။

သို့သော် အေ့စ်ကို အံ့အားသင့်ဆုံး ဖြစ်စေခဲ့သည်မှာ...

ထိုသူမှာ လူသား တစ်ဦး ဖြစ်နေခြင်းပင်။

***